http://www.dhammadownload.com

# သို့ယော်

## သာမဏေကျော်

သာသနာနှစ် ၂၅၄၄ မြန်မာနှစ် ၁၃၆၂ ခရစ်နှစ် ၂၀၀၀

http://www.dhammadownload.com

# သို့သော်

၁။ ရက်ရောတော့ ရက်ရောပါ၊ ဗုံးပေါလအော မဖြစ်ပါစေနှင့်။

၂။ ချွေတော့ ချွေတာပါ၊ နှမြောတာနဲ့ မရောပါနှင့်။

၃။ ဘဝတော့ မြင့်ပါ၊ ဘဝင် မမြင့်ပါနှင့်။

၄။ ရိုးတော့ ရိုးပါ၊ မအပါနှင့်။

၅။ လည်တော့ လည်ပါ၊ မလှည့်စားပါနှင့်။

၆။ ဈေးတော့ ရောင်းပါ၊ မုသား မဝယ်ပါနှင့်။

၇။ လှူတော့ လှူပါ၊ အကူ မမျှော်ပါနှင့်။

၈။ လှူတော့ လှူပါ၊ မဏ္ဍပ်တိုင် မတက်ချင်ပါနှင့်။

၉။ ကဲ့ရဲ့သံကို နားတော့ထောင်ပါ၊ စိတ်ဓာတ်ကျ မနေပါနှင့်။

၁၀။ ချီးမွမ်းသံကို နားတော့ ထောင်ပါ၊ သာယာ မိန်းမော မနေပါနှင့်။

၁၁။ ချစ်တော့ ချစ်ပါ၊ မနှစ်ပါနှင့်။

၁၂။ ရဲရင့်မှုတော့ ရှိပါ၊ မိုက်ရူးရဲ မဖြစ်ပါစေနှင့်။

၁၃။ ပါးစပ်က မေတ္တာတော့ ပို့ချင်ပို့ပါ၊ ကြားကောင်းရုံ မလုပ်ပါနှင့်။

http://www.dhammadownload.com



၁၄။ ပါးစပ်က ဘုရား ဘုရား၊ လက်ကတော့ ကားယား ကားယား မလုပ်ပါနှင့်။

၁၅။ ရှိတော့ ရှိသေပါ၊ မဖားပါနှင့်။

၁၆။ သာဓုတော့ ခေါ်ပါ၊ ဝမ်းမြောက်စိတ် မကင်းမဲ့ ပါစေနှင့်။

၁၇၊ အမျှတော့ ဝေပါ၊ ရစေလိုတဲ့ စေတနာ မကင်းမဲ့ ပါစေနှင့်။

၁၈၊ တရားတော့ ဟောပါ၊ ကန်တော့ပွဲ မမျှော်ပါနှင့်။

၁၉။ ယုံသင့်တာကိုတော့ ယုံပါ၊ အကန်းယုံ မဖြစ်ပါစေနှင့်။

၂၀။ လူသေချင် သေပါစေ၊ နာမည် မသေပါစေနှင့်။

၂၁။ စိတ်တော့ ရှည်ပါ၊ လျှာ မရှည်ပါလေနှင့်။

၂၂။ ရုပ်တော့ ဆိုးချင်ဆိုးပါစေ၊ စိတ် မဆိုးပါစေနှင့်။

၂၃။ တရားရိပ်သာတော့ ဝင်ပါ၊ လူအထင်ကြီးရုံ မလုပ်ပါနှင့်။

၂၄။ တော်တော့ တော်ပါ၊ တော်မှန်း မသိစေချင်ပါနှင့်။

၂၅။ လူတွေ ကဲ့ရဲ့ချင် ကဲ့ရဲ့ကြပါစေ၊ ဘုရားအကဲ့ရဲ့ မခံရပါစေနှင့်။

၂၆။ သူများတွေ မကြည်ညိုချင် နေပါစေ၊ ကိုယ့်ကိုယ်ကို ကိုယ် အကြည်ညို မမဲ့ပါစေနှင့်။

http://www.dhammadownload.com



၂၇။ တော်တော့ တော်ပါ၊ မမော်ပါနှင့်။

၂၈။ မသေခင် ချစ်ပါ၊ သေမှ အလွမ်းမသည်ပါနှင့်။

၂၉။ သနားတော့ သနားပါ၊ အရမ်း မသနားပါနှင့်။

၃၀။ အသက်တော့ ရှူပါ၊ သူများနှာခေါင်းနှင့် မရှူပါနှင့်။

၃၁။ သီးချိန်တန်တော့ သီးပါ၊ အဆိပ်သီး မဖြစ်ပါစေနှင့်။

၃၂။ ပွင့်ချိန်တန်တော့ ပွင့်ပါ၊ အဆိပ်ပန်း မဖြစ်ပါစေနှင့်။

၃၃။ အိမ်ထောင်ပြုချင် ပြုပါ၊ ဘာသာခြား မဖြစ်ပါစေနှင့်။

၃၄။ ဈေးတော့ ဝယ်ပါ၊ ဘာသာခြားဆိုင် မဖြစ်ပါစေနှင့်။

၃၅။ ပန်းတိုင်ဆီကိုတော့ ချီတက်ပါ၊ လာလမ်းကို မမေ့ပါနှင့်။

၃၆။ တရားစာတွေ ရွတ်ချင်ရွတ်ပါ၊ အညံ့စိတ်၊ အနိမ့်စိတ်နဲ့ မရွတ်ပါနှင့်။

၃၇။ အလှူတော့ ပေးပါ၊ ကြွေးမတင်ပါစေနှင့်။

၃၈။ ဘုန်းကြီး သေချင် သေပါစေ၊ ရွာ မကြေပါစေနှင့်။

၃၉။ ကုသိုလ်တော့ လုပ်ပါ၊ ငရဲ မပါပါစေနှင့်။

၄၀။ ချီးတော့ ချီးပါ၊ မချဲ့ပါနှင့်။

၄၁။ ဝန်တော့ ထမ်းပါ၊ နွား မဖြစ်ပါစေနှင့်။

http://www.dhammadownload.com



၄၂။ ရဲတော့ ရဲပါ၊ မရမ်းပါနှင့်။

၄၃။ အလုပ်တော့ ကြီးကျယ်ပါ၊ အပြော မကြီးကျယ်ပါစေနှင့်။

၄၄။ ကြမ်းတော့ ကျွံချင် ကျွံပါ၊ စကား မကျွံပါစေနှင့်။

၄၅။ စကားတော့ တတ်ပါ၊ မကပ်ပါနှင့်။

၄၆။ နပ်တော့ နပ်ပါ၊ မနှပ်ပါနှင့်။

၄၇။ စကားတော့ ဆိုပါ၊ သပ်မလျှိုပါနှင့်။

၄၈။ မျက်စိအမြင်တော့ ရှိပါ၊ တစ်ဘဝစာသာ မဖြစ်ပါစေနှင့်။

၄၉။ သားတော့ မွေးပါ၊ ကျား မဖြစ်ပါစေနှင့်။

၅၀။ သမီးတော့ မွေးပါ၊ မီး မဖြစ်ပါစေနှင့်။

၅၁၊ အသိတော့ ဆန်းပါ၊ အနေ မဆန်းပါနှင့်။

၅၂။ လူပေါင်းတော့ ဆန့်ပါ၊ အပေါင်း မဆန်းပါနှင့်။

၅၃၊ ကုသိုလ်တွေကို ပေါင်းသာ ပေါင်းပါ၊ မနှုတ်ပါနှင့်။

၅၄။ ကုသိုလ်တွေကို မြှောက်သာ မြှောက်ပါ၊ စား မပစ်ပါနှင့်။

၅၅။ ခနေ ကြွေချင် ကြွေပါစေ၊ သီလ မကြွေပါစေနှင့်။

၅၆။ ဘဝ ယိုင်ချင်ယိုင်ပါစေ၊ သီလ မယိုင်ပါစေနှင့်။

http://www.dhammadownload.com



၅၇။ ဘဝ နိမ့်ချင် နိမ့်ပါစေ၊ စိတ်ထား မနိမ့်ပါစေနှင့်။

၅၈။ ငါ့သားလို့ ပြောချင်ပြောပါ၊ ကွယ်ရာမှာ မယားက မရယ်ပါစေနှင့်။

၅၉။ အသက်တော့ ကြီးပါ၊ အသိ မငယ်ပါစေနှင့်။

၆၀။ ပစ္စည်းတော့ ချမ်းသာပါစေ၊ စိတ် မဆင်းရဲပါစေနှင့်။

၆၁။ မကူညီချင် နေပါ၊ မနှောင့်ယှက်ပါနှင့်။

၆၂။ ရောင့်တော့ ရောင့်ရဲပါ၊ မရော့ရဲပါနှင့်။

၆၃။ ပစ္စည်းတော့ ချမ်းသာပါစေ၊ ပစ္စည်းက ကိုယ့်ကို မသတ်ပါစေနှင့်။

၆၄။ အောင်မြင်တော့ အောင်မြင်ပါစေ၊ အောင်မြင်မှုက ကိုယ့်ကို မသတ်ပါစေနှင့်။

၆၅။ စီးပွားတော့ ရှာပါ၊ အပါယ်စာ မဖြစ်ပါစေနှင့်။

၆၆။ အနေ ဝေးချင် ဝေးပါစေ၊ မေတ္တာ မဝေးပါစေနှင့်။

၆၇။ ပညာတော့ တတ်ပါ၊ မကောက်ကျစ်ပါနှင့်။

၆၈။ ဝမ်းသာချင် သာပါ၊ ဝမ်းမသာလွန်းပါနှင့်။

၆၉။ ဝမ်းနည်းချင် နည်းပါ၊ ဝမ်းမနည်းလွန်းပါနှင့်။

http://www.dhammadownload.com



၇၀။ ရယ်တော့ ရယ်ပါ၊ မကျယ်ပါနှင့်။

၇၁။ သန်းတော့ သန်းပါ၊ မကျယ်ပါနှင့်။

၇၂။ ချေတော့ ချေပါ၊ မကျယ်ပါနှင့်။

၇၃။ ကြမ်းတော့ နင်းပါ၊ မပြင်းပါနှင့်။

၇၄။ အားတော့ ရှိပါ၊ အနိုင် မကျင့်ပါနှင့်။

၇၅။ နားတော့ ထောင်ပါ၊ ကြားတိုင်း မယုံပါနှင့်။

၇၆။ ကြည့်တော့ ကြည့်ပါ၊ မြင်တိုင်း မပြောပါနှင့်။

၇၇။ လေ့တော့ လေ့လာပါ၊ သိတိုင်း မပြောပါနှင့်။

၇၈။ ကျွေးလွှန်းရင်တော့ စားပါ၊ ကျွေးတိုင်း မစားပါနှင့်။

၇၉။ ပေးလွှန်းရင်တော့ ယူပါ၊ ပေးတိုင်း မယူပါနှင့်။

၈၀။ ခေါ်လွှန်းရင်တော့ သွားပါ၊ ခေါ်တိုင်း မသွားပါနှင့်။

၈၁။ အသက်တော့ ရှည်အောင် လုပ်ပါ၊ သေရဖို့ မမေ့ပါနှင့်။

၈၂။ သစ်ပင်ရိပ်တော့ ခိုပါ၊ အခက်ကို မချိုးပါနှင့်။

၈၃။ သားရေပေါ်တော့ အိပ်ပါ၊ သားရေနားတော့ မစားပါနှင့်။

http://www.dhammadownload.com



၈၄။ ကိုယ်ကတော့ သည်းခံပါ၊ သူတစ်ပါးက ကိုယ့်ကို သည်းမခံရပါစေနှင့်။

၈၅။ ဝတ်တော့ ဝတ်ဆင်ပါ၊ မကာလကိပါစေနှင့်။

၈၆။ အပြင်မှာ ပူချင်ပူပါစေ၊ ရင်မှ ဘမပူပါစေနှင့်။

၈၇။ ဘုရားကိုတော့ ပန်းတင်ပါ၊ ကြွက်သိုက် မဖြစ်ပါစေနှင့်။

၈၈။ ဘုရားကိုတော့ မီးပူဇော်ပါ၊ နေ့အခါ မဖြစ်ပါစေနှင့်။

၈၉။ ဘုရားနဲ့တော နီးပါ၊ ခြသေ့်လို မဖြစ်ပါစေနှင့်။

၉၀။ မုဆိုး၊ တံငါနှင့် နီးချင် နီးပါစေ၊ မုဆိုး၊ တံငါ မဖြစ်ပါ စေနှင့်။

၉၁။ ခြသေ့်လို လုပ်ပါ၊ ခွေးလို မလုပ်ပါနှင့်။

၉၂။ ခဲပစ်သူနောက် လိုက်ပါ၊ ခဲနောက် မလိုက်ပါနှင့်။

၉၃။ အကြောင်းနောက် လိုက်ပါ၊ အကျိုးနောက် မလိုက်ပါ နှင့်။

၉၄။ ဉာဏ်တော့ ကြီးပါ၊ အကြင်နာ မနည်းပါစေနှင့်။

၉၅။ ငှဲတော့ ငှဲပါ၊ မစောင်းပါစေနှင့်။

၉၆။ အရိပ်တော့ ခိုပါ၊ လောင်းရိပ် မဖြစ်ပါစေနှင့်။

http://www.dhammadownload.com



၉၇။ အရိပ်တော့ ပေးပါ၊ လောင်းရိပ် မဖြစ်ပါစေနှင့်။

၉၈။ အဆိုးတော့ ဆုံးပါစေ၊ အကောင်း မဆုံးပါစေနှင့်။

၉၉။ မိဘကို မသေခင်က သည်းပါ၊ သေမှ အသည်း မပိုပါနှင့်။

၁၀၀။ ကိုယ်က ကိလေသာကို သတ်ပါ၊ ကိလေသာက ကိုယ့်ကို မသတ်ပါစေနှင့်။

၁၀၁။ သဒ္ဓါတော့ ရှိပါ၊ ပညာ မလျော့ပါနှင့်။

၁၀၂။ ပညာတော့ ရှိပါ၊ သဒ္ဓါ မပေါ့ပါနှင့်။

၁၀၃။ ဝီရိယတော့ ရှိပါ၊ စိတ်မလွင့်ပါနှင့်။

၁၀၄။ သမာဓိတော့ ရှိပါ၊ ဝီရိယတော့ မပေါ့ပါနှင့်။

၁၀၅။ ထက်တော့ ထက်မြက်ပါ၊တစ်ဖက်သား မနစ်နာပါစေနှင့်။

၁၀၆။ ဘုရားတော့ ဝတ်တက်ပါ၊ အသံကောင်းဟစ်ရုံ မလုပ်ပါနှင့်။

၁၀၇။ သူ့ဂုဏ်ကို တော့ ဖော်ပါ၊ ကိုယ့် ဂုဏ်ကို မဖော်ပါနှင့်။

၁၀၈။ ကိုယ့်အပြစ်ကိုတော့ ရှုပါ၊ သူများအပြစ်ကို မရှုပါနှင့်။

၁၀၉။ မြှောက်ချင် မြှောက်ပါစေ၊ မမြှောက်ပါလေနှင့်။

၁၁၀။ ခြောက်ချင် ခြောက်ပါလေ၊ မကြောက်ပါလေနှင့်။

http://www.dhammadownload.com



၁၁၁။ အမြင့်ကိုတော့ မှန်းပါ၊ အနိမ့် ရောက်လည်း ဝမ်းမနည်းပါနှင့်။

၁၁၂။ တော်တဲ့ သမီးကို ချီးမွမ်းချင် ချီးမွမ်းပါ၊ မြင်းတော့ စီးမလာပါစေနှင့်။

၁၁၃။ ဗဟုသုတတော့ စုံပါစေ၊ အကုန် အသုံးမချပါလေနှင့်။

၁၁၄။ ကိုယ် နာချင် နာပါစေ၊ စိတ် မနာပါစေနှင့်။

၁၁၅။ ကိုယ် ပမ်းချင် ပမ်းပါစေ၊ စိတ် မနွမ်းပါစေနှင့်။

၁၁၆။ အသိပညာတော့ ထောင်ပါစေ၊ လက်မ မထောင်ပါလေနှင့်။

၁၁၇။ ကံ ဆိုးချင် ဆိုးပါစေ၊ ဉာဏ်နဲ့ ဝီရိယ မဆိုးပါစေနှင့်။

၁၁၈။ အမှန်ကိုတော့ လက်ခံပါ၊ အမှားကို ဆုပ်ကိုင် မထားပါနှင့်။

၁၁၉။ မလိုရအောင်တော့ ကြိုးစားပါ၊ ပြည့်စုံပြီလို့ မထင်လိုက်ပါနှင့်။

၁၂၀။ လောကဘက်က ကြီးကျယ်ချင်သလောက် ကြီးကျယ်ပါစေ၊ ဓမ္မဘက်က မသေးငယ်ပါစေနှင့်။

http://www.dhammadownload.com



၁၂၁။ ဘုရားကိုတော့ ပူဇော်ပါ၊ ဇာတ်ပွဲ, အငြိမ့်ပွဲ မပါပါစေနှင့်။

၁၂၂။ ဘုရားဆွမ်းတော်တော့ ကပ်ပါ၊ မဖြစ်စလောက် မလုပ်ပါနှင့်။

၁၂၃။ ဘုရားရှင်ကို ဖယောင်းတိုင်မီးနဲ့ ပူဇော်ချင်ပူဇော်ပါ၊ ဖယောင်းစက်တွေ ပေပွ မနေပါစေနှင့်။

၁၂၄။ ကိုယ်ကျိုးကိုတော့ ဆောင်ရွက်ပါ၊ သူတစ်ပါးအကျိုးကို မထိပါးပါစေနှင့်။

၁၂၅။ စီးပွားတော့ ရှာပါ၊ မတရား မပါပါစေနှင့်။

၁၂၆။ ဘုရားကိုတော့ ကြည်ညိုပါ၊ ပညာဉာဏ် မကင်းပါစေနှင့်။

၁၂၇။ တရားကိုတော့ လိုက်စားပါ၊ ဆရာ မမှားပါစေနှင့်။

၁၂၈။ သံဃာကိုတော့ ကိုးကွယ်ပါ၊ စိစစ်မှု မကင်းပါစေနှင့်။

၁၂၉။ အလှူမ်းတော့ ကျယ်ပါ၊ အလယ် မလပ်ပါစေနှင့်။

http://www.dhammadownload.com



၁၃၀။ အလှူတော့ ပေးပါ၊ အလှူအတွက် ကြက်, ဝက်, နွားတွေ မသေပါစေနှင့်။

၁၃၁။ ရှင်တော့ ပြုပေးပါ၊ ရှင့်ကျင့်ဝတ် မချွတ်ယွင်းပါစေနှင့်။

၁၃၂။ သားသမီးအလိုကို လိုက်သင့်သလောက်ပဲ လိုက်ပါ၊ မပိုပါနှင့်။

၁၃၃။ ဘုန်းကြီးကျောင်းကိုတော့ သွားပါ၊ မလုံ့တလုံ ကိုးရိုးကားယားတော့ ဝတ်မသွားပါနှင့်။

၁၃၄။ အတုကိုတော့ ခိုးပါ၊ မကောင်းတု မဖြစ်ပါစေနှင့်။

၁၃၅။ မြန်မာတော့ ပီသကြပါစေ၊ အာကလိအောက်, အောက်ကလိအာ မဖြစ်ပါစေနှင့်။

၁၃၆။ ငိုချင်တော့ ငိုပါ၊ အရှိုက် မခက်ပါစေနှင့်။

၁၃၇။ သုံးတော့ သုံးပါ၊ မဖြုန်းပါနှင့်။

၁၃၈။ စပါးတော့ လှန်းပါ၊ နေဝင်ချိန် မဖြစ်ပါစေနှင့်။

၁၃၉။ ထွန်တော့ ချပါ၊ မိုးကုန်ချိန် မဖြစ်ပါစေနှင့်။

၁၄၀။ ရေတော့ ခံပါ၊ မိုးရွာရပ်ချိန် မဖြစ်ပါစေနှင့်။

၁၄၁။ ဗိုင်းတော့ ငင်ပါ၊ လမိုက်ချိန် မဖြစ်ပါစေနှင့်။

http://www.dhammadownload.com



၁၄၂။ တရားတော့ ကျင့်ပါ၊ အိုနေချိန် မဖြစ်ပါစေနှင့်။

၁၄၃။ တရားတော့ ကျင့်ပါ၊ နာနေချိန် မဖြစ်ပါစေနှင့်။

၁၄၄။ တရားတော့ ကျင့်ပါ၊ သေခါနီးအချိန် မဖြစ်ပါစေနှင့်။

၁၄၅။ သေရမှာကို ကြိုတွေးပါ၊ မင်္ဂလာမရှိဘူးလို့ မမှတ်ပါနှင့်။

၁၄၆။ ချစ်ရသူတွေနဲ့ ခွဲရမှာကို ကြိုတွေးပါ၊ မင်္ဂလာမရှိဘူးလို့ မမှတ်ပါနှင့်။

၁၄၇။ ကိုယ်ခန္ဓာကို သန့်တော့ သန့်ရှင်းပါ၊ ရွံ့ဖွယ်ကို မမေ့ပါနှင့်။

၁၄၈။ အကြံတော့ ပေးပါ၊ အဖျက်သဘော မဆောင်ပါလေနှင့်။

၁၄၉။ ဦးတော့ ဆောင်ပါ၊ လမ်းမှားသို့ မပို့ပါနှင့်။

၁၅၀။ ရှေ့ကတော့ သွားပါ၊ ကွေ့ကွေ့ကောက်ကောက် မသွားပါနှင့်။

၁၅၁။ နာမည်တော့ ကျော်ချင်ကျော်ပါစေ၊ နာမည်ကျော်မှုက ကိုယ့်ကို မသတ်ပါစေနှင့်။

၁၅၂။ ဘုန်း ကြီးချင် ကြီးပါစေ၊ ဘုန်းက ကိုယ့်ကို မသတ်ပါစေနှင့်။

http://www.dhammadownload.com



၁၅၃။ ရာထူး ရှိချင် ရှိပါစေ၊ ရာထူးက ကိုယ့်ကို မသတ်ပါစေနှင့်။

၁၅၄။ ရုပ် လှချင် လှပါစေ၊ ရုပ်အလှက ကိုယ့်ကို မသတ်ပါစေနှင့်။

၁၅၅။ ပညာ တတ်ချင် တတ်ပါစေ၊ ပညာက ကိုယ့်ကို မသတ်ပါစေနှင့်။

၁၅၆။ အသုဘတော့ ပို့ပါ၊ သံဝေဂယူဖို့ မမေ့ပါနှင့်။

၁၅၇။ ခေတ်တော့ မီပါ၊ သရုပ်မပျက်ပါနှင့်။

၁၅၈။ လှတော့ လှပါ၊ အလှဗျာပါ မဝေပါစေနှင့်။

၁၅၉။ နူးညံ့တော့ နူးညံ့ပါ၊ မပျော့ညံ့ပါနှင့်။

၁၆၀။ အေးချင် အေးပါ၊ မအပါနှင့်။

၁၆၁။ ဉာဏ်, ဝီရိယကိုတော့ အားကိုးပါ၊ ကံကိုချည်း ပုံမချပါနှင့်။

၁၆၂။ လူကြီးတော့ လုပ်ပါ၊ ကလေးတွေး မတွေးပါနှင့်။

၁၆၃။ လူကြီးတော့ လုပ်ပါ၊ ကလေးစကား မပြောပါနှင့်။

၁၆၄။ လူကြီးတော့ လုပ်ပါ၊ ကလေးအပြုအမူ မပြုမူပါနှင့်။

http://www.dhammadownload.com



၁၆၅။ လူကြီးတော့ လုပ်ပါ၊ ကလေးလို မဆုံးဖြတ်ပါနှင့်။

၁၆၆။ အမေတော့ လုပ်ပါ၊ သမီးအရွယ်လို မပြုမူ၊ မပြောဆိုပါ
နှင့်။

၁၆၇။ နာမည် ကြီးချင် ကြီးပါစေ၊ မာန မကြီးပါလေနှင့်။

၁၆၈။ ရာထူး ကြီးချင် ကြီးပါစေ၊ မာန မကြီးပါလေနှင့်။

၁၆၉။ ဘုန်း ကြီးချင် ကြီးပါစေ၊ မာန မကြီးပါလေနှင့်။

၁၇၀။ ပညာ ကြီးချင် ကြီးပါစေ၊ မာန မကြီးပါလေနှင့်။

၁၇၁။ သူဌေးကြီး ဖြစ်ချင် ဖြစ်ပါစေ၊ မာန မကြီးပါလေနှင့်။

၁၇၂။ အရေးပေးတာတော့ ခံယူပါ၊ ကမ်းမတက်ပါနှင့်။

၁၇၃။ ပညာတော့ ရှိပါ၊ ရှိမှန်း လူ မသိစေချင်ပါနှင့်။

၁၇၄။ သီလတော့ ရှိပါ၊ ရှိမှန်း လူ မသိစေချင်ပါနှင့်။

၁၇၅။ ပစ္စည်းတော့ ရှိပါ၊ ရှိမှန်း လူ မသိစေချင်ပါနှင့်။

၁၇၆။ ဂုဏ်တော့ ရှိပါ၊ ရှိမှန်း လူ မသိစေချင်ပါနှင့်။

၁၇၇။ ဗဟုသုတတော့ ရှိပါ၊ ရှိမှန်း လူ မသိစေချင်ပါနှင့်။

၁၇၈။ လှူတော့ လှူပါ၊ အလှူခံ မညံ့ပါစေနှင့်။

၁၇၉။ လှူတော့ လှူပါ၊ ကိုယ့်စေတနာ မညံ့ပါစေနှင့်။

http://www.dhammadownload.com



၁၈၀။ လှူတော့ လှူပါ၊ ပစ္စည်း မညှိုးပါစေနှင့်။

၁၈၁။ ပစ္စည်းတော့ ညှိုးချင် ညှိုးပါစေ၊ စေတနာ မညှိုးပါစေနှင့်။

၁၈၂။ လှူတော့ လှူပါ၊ မရှိမသေ မလှူပါနှင့်။

၁၈၃။ လှူတော့ လှူပါ၊ သူတစ်ပါးကို မထိပါးပါနှင့်။

၁၈၄။ ပေးတော့ ပေးပါ၊ လောဘနှင့် မပေးပါနှင့်။

၁၈၅။ ပေးတော့ ပေးပါ၊ ဒေါသနှင့် မပေးပါနှင့်။

၁၈၆။ ပေးတော့ ပေးပါ၊ မောဟနှင့် မပေးပါနှင့်။

၁၈၇။ ပေးတော့ ပေးပါ၊ ကြောက်လို့ပေးတာ မဖြစ်ပါစေနှင့်။

၁၈၈။ ပေးတော့ ပေးပါ၊ ကိုယ့်ကို ပေးဖူးလို့ ပေးတာ မဖြစ်ပါစေနှင့်။

၁၈၉။ ပစ္စည်းမွဲချင် မွဲပါစေ၊ သဒ္ဓါ မမွဲပါစေနှင့်။

၁၉၀။ ဖားတော့ ကောက်ပါ၊ အိတ် မပေါက်ပါစေနှင့်။

၁၉၁။ ပစ္စည်းတော့ စုပါ၊ မယိုထွက်ပါစေနှင့်။

၁၉၂။ စီးပွားတော့ ရှာပါ၊ မပျင်းပါနှင့်။

၁၉၃။ စီးပွားတော့ ရှာပါ၊ အထိန်းအသိမ်း မညှိုးပါနှင့်။

http://www.dhammadownload.com



၁၉၄။ စီးပွားတော့ ရှာပါ၊ မိတ်ဆွေကောင်းကို လက်မလွှတ်ပါနှင့်။

၁၉၅။ စီးပွားတော့ ရှာပါ၊ အရနှင့် အသုံး မမျှ မဖြစ်ပါစေနှင့်။

၁၉၆။ စီးပွားတော့ ရှာပါ၊ တစ်ဘဝစာသာ မဖြစ်ပါစေနှင့်။

၁၉၇။ ဗုဒ္ဓသာသနာဝင်အဖြစ်တော့ ခံယူပါ၊ အမည်ခံသာ မဖြစ်ပါစေနှင့်။

၁၉၈။ ယောဂီတော့ လုပ်ပါ၊ အသွင်ဆောင်သာ မဖြစ်ပါစေနှင့်။

၁၉၉။ ရှင်,ရဟန်းတော့ ဝတ်ပါ၊ အသွင်ဆောင်သာ မဖြစ်ပါစေနှင့်။

၂၀၀။ နိဗ္ဗာန်ကိုတော့ ဆုတောင်းပါ၊ ဆုတောင်းရုံတွင် မရပ်ပါနှင့်။

**သာမဏေကျော်**

နယုန်လပြည့်ကျော် (၅)ရက်၊ ၁၃၆၂–ခုနှစ်

(၂၁–၆–၂၀၀၀)